## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 22, 2025 Volume 95, Number 13

၂၂.၁၀.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၄.၇၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၆.၉၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၉၆.၉၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၄.၅၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၇၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၆၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၆.၄၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၉၆ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

### မြန်မာ့ကောက်ညှင်းဆန် ပြည်ပဈေးကွက်သစ် တင်ပို့ရန်စီစဉ်



မြန်မာ့ကောက်ညှင်းဆန်ကို နိုင်ငံတကာ ဈေးကွက်သစ်များကို တင်ပို့နိုင်ဖို့ စီစဉ်နေတယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က သိရပါတယ်။

ကောက်ညှင်းဆန်ကို တရုတ်ဈေးကွက်တစ်ခုတည်းကိုသာ တင်ပို့နေပြီး ဈေးကွက်အလားအလာရှိတဲ့ တခြားနိုင်ငံတကာဈေးကွက် အသစ်တွေကို တိုးချဲ့ တင်ပို့နိုင်ဖို့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

အခုဘဏ္ဍာနှစ်မှာ ကောက်ညှင်းပို့ကုန်မြှင့်တင်ဖို့စီမံချက်ချမှတ်ထားပြီး အရည်အသွေးကောင်း ကောက်ညှင်းဆန်တွေ တိုးချဲ့ထုတ်လုပ်နိုင်ဖို့နဲ့ export တိုးမြှင့်တင်ပို့နိုင်ဖို့စီစဉ်နေတယ်လို့မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောပါတယ်။

ပြည်ပဈေးကွက်တွေဆီ တင်ပို့နိုင်ဖို့ဆိုရင် မျိုးကောင်းမျိုးသန့် ရရှိဖို့၊ အထွက်နှုန်းကောင်းဖို့၊ အရည်အသွေးတည်ငြိမ်ကောင်းမွန်ဖို့၊ အရောအနှောကင်းစင်ဖို့ စတဲ့ နယ်ပယ်တွေမှာ လုပ်ဆောင်စရာတွေ အများကြီးရှိနေဆဲဖြစ်တယ်လို့ ဆိုပါတယ်။

ဒါ ကြောင့် စိုက်ပျိုးတဲ့တောင်သူတွေနဲ့ ဆွေးနွေးသွားရမှာဖြစ်ပြီး တောင်သူတွေပါဝင်တဲ့ အကျိုးတူ ကန်ထရိုက်လယ်ယာစနစ်နဲ့ ဆောင်ရွက်သွားနိုင်ဖို့ ကိုလည်း စီစဉ်နေတယ်လို့ သိရပါတယ်။

လက်ရှိကောက်ညှင်းဆန်ဈေးဟာတစ်အိတ်ကျပ် ၁၅၀,၀၀၀ ကနေ ၂၀၀,၀၀၀ အတွင်းရှိပြီး ဈေးကောင်းရရှိနေတာကြောင့် တောင်သူတွေက တိုးချဲ့ စိုက်ပျိုးထားကြတယ်လို့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က သိရပါတယ်။

**Source : https://onenewstvchannel.com/**

## မြင်းမြီးယွန်းထည်လုပ်ငန်း မတိမ်ကောရေး ထိန်းသိမ်းနေ




မန္တလေးတိုင်းဒေသကြီး၊ ပုဂံမြို့ရှိ မြင်းမြီးနဲ့ပြုလုပ်တဲ့ ယွန်းထည်လုပ်ငန်း တိမ်ကောပပျောက်မှုမရှိစေဖို့အတွက် ထိန်းသိမ်းထားတယ်လို့ ဦးဘငြိမ်း ယွန်းထည်လုပ်ငန်းရဲ့ စတုတ္ထမျိုးဆက် ဆက်ခံသူ ဦးအောင်ကျော်ထွန်းက ပြောပါတယ်။

ယွန်းထည်လုပ်ငန်းကို ညောင်ဦးမြို့နဲ့ ပုဂံမြို့မှာ ဘိုးစဉ်ဘောင်ဆက် မိရိုးဖလာ အစဉ်အဆက် လုပ်ကိုင်လာကြတာဖြစ်ပြီး ဝါးနှီးနဲ့ ရက်လုပ်တဲ့ ယွန်းထည်လုပ်ငန်းက စိုးရိမ်စရာမရှိပေမဲ့ ဝါးနှီးကြားမှာ မြင်းမြီးနဲ့ရက်လုပ်တဲ့ ယွန်းထည်လုပ်ငန်းကတော့ လုပ်ကိုင်သူ သုံးယောက်၊ လေးယောက်လောက်သာ ကျန်ရှိတော့တယ်လို့ ဆိုပါတယ်။

မြင်းမြီး ဈေးနှုန်းကြီးမြင့်လာတာ၊ ယွန်းထည်ရောင်းချမှုမတွင်ကျယ်တာနဲ့ ယွန်းထည်ရက်လုပ်ရာမှာ လက်ဝင်တာတွေကြောင့် မြင်းမြီးနဲ့ရက်လုပ်တဲ့ ယွန်းထည်လုပ်ငန်းတွေ တဖြည်းဖြည်း ပျောက်ကွယ်လာပြီး လုံးဝပျောက်ကွယ်သွားနိုင်တဲ့ အခြေအနေဖြစ်လာတယ်လို့လည်း ဦးအောင်ကျော်ထွန်းက ပြောပါတယ်။

ယွန်းထည်ပြုလုပ်ရာမှာ တင်းဝါးယွန်းထည်၊ သစ်သားယွန်းထည်၊ မြင်းမြီးယွန်းထည်ဆိုပြီး သုံးမျိုးရှိကာ မြင်းမြီးနဲ့ ရက်လုပ်တဲ့ ယွန်းထည်ပစ္စည်းတွေက ပျော့ပျောင်းပြီး အရည်အသွေး အလွန်ကောင်းမွန်တယ်လို့ ဆိုပါတယ်။

လက်ရှိမှာ မြင်းမြီး တစ်ပိဿာကို ကျပ်ခုနစ်သောင်း ပေးဝယ်ရပြီး ရက်လုပ်ရာမှာ ခက်ခဲတဲ့အတွက် မြင်းမြီးနဲ့ရက်လုပ်တဲ့ ယွန်းထည်လုပ်ငန်း ပျောက်ကွယ်မသွားဖို့ ယွန်းလုပ်ငန်းရှင်တွေ ထိန်းသိမ်းလုပ်ကိုင်နေကြတယ်လို့ သိရပါတယ်။

Source : https://onenewstvchannel.com/

## ဈေးကောင်းရနေသည့် ဒေသထွက်နဂါးမောက်သီး



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်သည် စိုက်ပျိုးရေး လုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး လယ်ယာထွက်ကုန်သီးနှံများအပြင် ဥယျာဉ်ခြံသီးနှံများကိုလည်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ စိုက်ပျိုးလျက်ရှိသောနဂါးမောက်မျိုးများမှာအပြင်အခွံအနီရောင်နှင့် အတွင်းသား အဖြူရောင်ရှိသောမျိုး၊ အပြင်ခွံအနီရောင်နှင့် အတွင်းသားအနီရောင်ရှိသောမျိုး၊ အပြင်ခွံအဝါရောင်နှင့် အတွင်းသား အဖြူရောင်ရှိသောမျိုးတို့ ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ် ဆိတ်ဖူးမြောင်ကျေးရွာ၊ အင်ကြင်းစုကျေးရွာနှင့် အခြားကျေးရွာများတွင် နဂါးမောက်သီးများကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြပြီး ကန့်ဘလူမြို့သစ်သီးဈေးကွက်တွင် ရောင်းချလျက်ရှိကြောင်း၊ စက်တင်ဘာလ စတုတ္ထပတ်အတွင်း ကန့်ဘလူမြို့ သစ်သီးဈေးကွက်တွင် ရောင်းချ နေသော နဂါးမောက်သီး ဈေးနှုန်းများမှာ အသေးတစ်လုံးလျှင် ၁၀၀၀မှ ၁၅၀၀ကျပ်နှင့် အကြီး တစ်လုံးလျှင် (၂၀၀၀)ကျပ်ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း နဂါးမောက်သီးများ အဝင်နည်းလာသည့်အတွက် ဈေးကောင်းရလျက်ရှိကြောင်း သစ်သီးဆိုင်များမှ သိရသည်။

**Source : DOCA(**စစ်ကိုင်း)

**https://www.doca.gov.mm/**

## ကျောင်းကုန်းမြို့နယ်၌ ပိန်းဥများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ပိန်းဥများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံလုပ်ငန်း လုပ်ကိုင်သူတစ်ဦးထံက သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ဒေသထွက်ပိန်းဥများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါပိန်းဥများ တစ်ရက်လျှင် ပိဿာ ၂၅၀၀ မှ ၅၅၀၀ အထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

''ကျောင်းကုန်းမြို့နယ်ကနေထွက်တဲ့ လယ်ယာသီးနှံတွေက ဒေသဈေးကွက်မှာ အရောင်းအဝယ်ရှိပြီးသားဖြစ်ပါတယ်။ လက်ရှိဝယ်လိုအားများနေတယ်။စားသုံးသူများလာတာကြောင့်လို့ ယူဆပါတယ်။ လက်ရှိရောင်းချနေတဲ့ ပိန်းဥတွေ က အရည်အသွေးကောင်းမွန်တယ်။ဒေသထွက်ပိန်းဥတွေကိုရန်ကုန်ဈေးကွက်က ဝယ်လိုအားများနေလို့ တင်ပို့အားတက်နေတာပါ ” ဟု ၎င်းကပြော သည်။

ကျောင်းကုန်းမြို့နယ်၌ ပိန်းဥများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်၊ ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရလျက်ရှိကြောင်း သိရသည်။

Source : https://www.myawady.net.mm/n

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆,၅၈၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ



စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သော ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေးစားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့မှ ၂၃ ရက်နေ့အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာစားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ်၆,၅၈၅ ဖြစ် ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်းထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တို့တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**Source :** https://www.doca.gov.mm/

## ကုန်သွယ်မှုဆိုင်ရာမသေချာမရေရာမှုများနှင့် ကုန်သွယ်မှုဆိုင်ရာ မသေချာမရေရာမှုများကြောင့် တောင်ကိုရီးယားနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ကတိပြုထားမှုများ ကျဆင်း

တောင်ကိုရီးယားဝမ်ငွေတန်ဖိုးကျဆင်းနေခြင်းတို့ကြောင့် ၂၀၂၅ ခုနှစ်၊ ပထမ (၉)လအတွင်း တောင်ကိုရီးယားနိုင်ငံသို့ လာရောက်မည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကတိကဝတ်(Foreign Direct Investment(FDI)Pledges)သည် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၁၈ ရာခိုင်နှုန်းကျဆင်းခဲ့သည်ဟု ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ၁၅-၁၀-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

၂၀၂၅ ခုနှစ်၊ ပထမ(၉)လအတွင်း တောင်ကိုရီးယားနိုင်ငံသို့ လာရောက်ရင်းနှီး မြှုပ်နှံမှုပြုလုပ်ရန် ကတိပြုထားမှုဝင်ငွေပမာဏသည် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၆၅ ဘီလီယံသာရှိခဲ့သည်။ အဆိုပါပမာဏသည် ယခင်နှစ်အလားတူကာလ ပမာဏဖြစ်သည့် ၂၅ ဒသမ ၁၈ ဘီလီယံနှင့်နှိုင်းယှဉ်လျှင် လျော့နည်းကျဆင်းခဲ့သည်။၂၀၂၅ ခုနှစ်၊ပထမ(၉)လအတွင်း တောင်ကိုရီးယားသို့ အမှန်ရောက်ရှိလာသော ရင်းနှီးမြှုပ်နှံမှုပမာဏ(The actual amount of investment that arrived in Korea) သည် တစ်နှစ်လျှင် ၂ ရာခိုင်နှုန်းလျော့ကျကာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၃ ဘီလီယံသာရရှိခဲ့သည်။

၂၀၂၅ ခုနှစ်၊ ပထမ(၉)လအတွင်း အမေရိကန်ဒေါ်လာနှင့် တောင်ကိုရီးယားဝမ်ငွေလဲလှယ်နှုန်းသည် ပျမ်းမျှအားဖြင့် တစ်ဒေါ်လာ လျှင် ၁၄၁၂ ဒသမ ၇၉ ဝမ်ရှိနေသည့် အတွက် ယခင်နှစ်အလားတူကာလက ပျမ်းမျှနှုန်းထား(တစ်ဒေါ်လာလျှင် ၁၃၅၂ ဒသမ ၈၅ ဝမ်)နှင့်နှိုင်းယှဉ်လျှင် ဝမ်ငွေတန်ဖိုးသိသိသာသာကျဆင်းလာသည်ဟု ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ဝန်ဆောင်မှုကဏ္ဍတွင် FDI ဝင်ရောက်မှုကျဆင်းလာသော်လည်း ဉာဏ်ရည်တုကဏ္ဍ(Artificial Intelligence-AI Sector) သည် FDI များကို ဆက်လက်ဆွဲဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် တောင်ကိုရီးယားနိုင်ငံ၏ အခြေခံအချက်အလက်များ ယုံကြည်မှုရှိကြပါကြောင်း၊ အစိုးရအနေဖြင့်လည်း FDI များကို ဆက်လက်ဆွဲဆောင်နိုင်ရေး အစွမ်းကုန် ကြိုးစားအားထုတ်သွားမည် ဖြစ်ပါကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

**Source: Korea Times**

**(ပပ၊ စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)**

https://myantrade.gov.mm/

## ဂါနာနိုင်ငံသည် စက်တင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးဆန်တင်ပို့သည့် ဈေးကွက်ဖြစ်လာ

ဂါနာနိုင်ငံသည် စက်တင်ဘာလတွင် ဗီယက်နမ်နိုင်ငံမှ ဆန်အများဆုံးဝယ်ယူသူဖြစ်လာခဲ့သည်။ ဖိလစ်ပိုင်မှ တင်သွင်းမှုယာယီရပ်ဆိုင်းပြီးနောက် စုစုပေါင်းတင်ပို့မှု၏ ၂၂ ရာခိုင်နှုန်းနီးပါးရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ပထမ ၉ လအတွင်း ဆန်တန်ချိန် ၆ ဒသမ ၈၃ သန်းတန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၉ ဘီလီယံ ရရှိခဲ့သည်။ ပမာဏအားဖြင့် ၂ ဒသမ ၀၅ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး တန်ဖိုးမှာ တစ်နှစ်ထက်တစ်နှစ် ၁၉ ဒသမ ၉၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

စက်တင်ဘာတစ်လတည်းတွင် ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၂၃၂ ဒသမ ၃၈ သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၄၆၆,၈၀၀ တင်ပို့ခဲ့သည်။ ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ပမာဏအားဖြင့် ၄၃ ဒသမ ၂၇ ရာခိုင်နှုန်း၊ တန်ဖိုးအားဖြင့် ၅၄ ဒသမ ၇၃ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

ဂါနာ၊အိုင်ဗရီးကို့စ်နှင့် မလေးရှားတို့သည်ဗီယက်နမ်ဆန် ဒုတိယနှင့်တတိယအကြီးဆုံးတင်သွင်းသူများဖြစ်ကြပြီး ဈေးကွက်ဝေစု၏ ၅၁ ရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်းအသီးအသီးရှိကြသည်။

ဩဂုတ်လအစောပိုင်းတွင် ဖိလစ်ပိုင်အစိုးရသည် ပြည်တွင်းဆန်ဈေးနှုန်းများကျဆင်းမှုကြောင့် ဆန်တင်သွင်းမှုကို စက်တင်ဘာ ၁ ရက်မှစတင်၍ ၂ လကြာရပ်ဆိုင်းကြောင်း ကြေညာခဲ့သည်။

သို့ရာတွင် အခြားဒေသများမှ ဝယ်လိုအားကြီးမားမှုကြောင့် အလုံးစုံတင်ပို့မှုအားကောင်းနေမည်ဟု ဈေးကွက်လေ့လာသူများက ခန့်မှန်းကြသည်။

ဗီယက်နမ်နိုင်ငံ၏ အဓိကဝယ်လက်များထဲမှ တစ်ခုဖြစ်သည့် ဖိလစ်ပိုင်သည် ရက်ပေါင်း ၆၀ အတွင်း သွင်းကုန်ပြန်လည်ဖွင့်လှစ်ရန်မဆုံးဖြတ်မီ လက်ရှိအခြေအနေကို အကဲဖြတ်သွားမည်ဖြစ်သည်။ အဆိုပါကာလအတွင်း ဗီယက်နမ်နိုင်ငံအနေဖြင့် ပို့ကုန်လုပ်ငန်းများ ပြုပြင်ပြောင်းလဲရန် သို့မဟုတ် တိုးမြှင့်ရန် အချိန်အလုံအလောက်ရှိမည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံမှ ဆန်တင်သွင်းမှုကို ယာယီရပ်ဆိုင်းထားသော်လည်း ဘင်္ဂလားဒေ့ရှ်၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံများမှ တင်သွင်းမှုမြင့်တက်လာခြင်းကြောင့် ဗီယက်နမ်၏ ပို့ကုန်သည် တစ်နှစ်ပတ်လုံးတန်ချိန် ၈ ဒသမ ၂ သန်းကျော်ရှိမည်ဟု ခန့်မှန်းထားကြောင်း ဖော်ပြထားသည်။

**Source:** **https://vietnamnet.vn/en/ghana-becomes-vietnam-s-largest-rice-export-market-in-september-2451926.html**

**(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟန္တိုင်းမြို့)**

https://myantrade.gov.mm/

## SMEs များအတွက် အထောက်အပံ့ဖြစ်စေရန် ဈေးရောင်းပွဲတော်ကို နောက်ထပ်သုံးနှစ် ဆက်လက်ပြုလုပ်သွားမည့် ဟောင်ကောင်ဒေသ

ဟောင်ကောင်ဒေသအစိုးရအနေဖြင့် ဒေသရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် အထောက်အပံ့ဖြစ်စေရန် ဈေးရောင်းပွဲတော်ကို နောက်ထပ်သုံးနှစ်ဆက်တိုက် ဆက်လက်ပြုလုပ်သွားမည်ဟု ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသအစိုးရ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Algernon Yau က SME Reach Out: FUND Fair plus Tech Sourcing 2025." ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့ကြောင်း The standard သတင်းစာမှ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်တွင် “Shopping Festival extended for next three years to support SMEs” ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

ကမ္ဘာ့စီးပွားရေးလျင်မြန်စွာပြောင်းလဲနေခြင်းနှင့် နည်းပညာသစ်များတိုးတက်ခြင်းနှင့်အတူ အသေးစားနှင့်အလတ်စားလုပ်ငန်းများအနေဖြင့် လိုက်လျောညီစွာပြောင်းလဲသင့်ကြောင်း၊ ထို့ပြင် ဟောင်ကောင်ဒေသရှိ လုပ်ငန်းများနှင့် အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေးဝန်ဆောင်မှုပေးသည့် လုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေရန်၊ one-stop business matching and referral ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် Creativity E-commerce- Beyond Limits အစီအစဉ်ကို စတင်သွားမည်ဖြစ်ပြီး၊ အဆိုပါဆောင်ရွက်ချက်သည် SME လုပ်ငန်းများအတွက် ပို့ကုန်ဈေးကွက်ချဲ့ဖြန့်နိုင်ရေး အထောက်အကူဖြစ်ရန်နှင့် SME လုပ်ငန်းများအဆင့်မြှင့်တင်မှု အရှိန်အဟုန်တိုးမြှင့်လုပ်ဆောင်နိုင်ရေး အတွက် တွန်းအားဖြစ်စေရန် ရည်ရွယ်သည်ဟု Yau က ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

ဒေသမှ အသေးစားနှင့်အလတ်စားလုပ်ငန်းများအားလာမည့်သုံးနှစ်အတွင်းဟောင်ကောင်ဈေးရောင်းပွဲတော်များမှ တစ်ဆင့် တရုတ်ပြည်မနှင့် အာဆီယံဈေးကွက်များရှိ အီလက်ထရွန်းနစ် ကူးသန်းရောင်းဝယ်ရေးလမ်းကြောင်းများသို့ ချဲ့ထွင် ဝင်ရောက်နိုင်ရေးအတွက် ဟောင်ကောင်ဒေသအစိုးရအနေဖြင့် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဆက်စပ်သတင်းဖော်ပြချက်များအရ (၁၂)ကြိမ်မြောက် ဟောင်ကောင်အစားအစာအရောင်း ပွဲတော်ကို လာမည့်အောက်တိုဘာ ၁၈ ရက်မှ စတင်ပြုလုပ်သွားမည်ဖြစ်သည်။ အဆိုပါဈေးပွဲတော်သို့ လာရောက်သူနှစ်သိန်းခန့်နှင့် ဟောင်ကောင်ဒေါ်လာသန်း ၁၀၀ ခန့်ရောင်းချနိုင်မည်ဟု မျှော်လင့်ထားကြောင်း ဖော်ပြထားသည်။

**Source : (နှင်းဇာလွှာ၊ စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (22.10.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Oct. 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,627 (Shares) | 29,398,350 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 236 | 1,982,400 | 33,109,694 | 278,121 |
| MTSH | 00002 | 3,450 | +0 | +0.00% | 3,450 | 3,450 | 3,400 | 5,047 | 17,368,650 | 38,929,150 | 134,306 |
| MCB | 00003 | 7,700 | -400 | -4.94% | 7,700 | 7,700 | 7,700 | 1 | 7,700 | 10,400,986 | 80,088 |
| FPB | 00004 | 2,400 | -100 | -4.00% | 2,500 | 2,500 | 2,400 | 369 | 922,400 | 29,664,613 | 71,195 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 600 | 1,650,000 | 12,823,224 | 35,264 |
| EFR | 00006 | 1,850 | -50 | -2.63% | 1,800 | 1,850 | 1,800 | 2,563 | 4,664,800 | 19,977,223 | 36,958 |
| AMATA | 00007 | 3,500 | +50 | +1.45% | 3,550 | 3,550 | 3,500 | 470 | 1,660,000 | 10,497,598 | 36,742 |
| MAEX | 00008 | 3,350 | +0 | +0.00% | 3,400 | 3,400 | 3,350 | 341 | 1,142,400 | 23,804,946 | 79,747 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 21st Oct. 2025

Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 398.91 | -4.03 | -1.00% | 403.07 | 403.32 | 398.91 | 9,627 | 29,398,350 | 8 | 752,421 |

Index chart



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 21st Oct. 2025

| Trading Volume | Trading Value |
|---|---|
| 9,827 (Shares) | 29,948,350 (MMK) |

### Main Board

As of 1:00 pm, 21st Oct. 2025

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,627 (Shares) | 29,398,350 (MMK) |

| MYANPIX | 398.91 ▼ 4.03 |
|---|---|
| Total Volume (shares) | 9,627 |
| Total Value (MMK) | 29 mil |
| Listed Company | 8 |
| Market Cap. (MMK) | 752,421 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 3,450 | ▲ 0 |
| MCB | 00003 | 7,700 | ▼ 400 |
| FPB | 00004 | 2,400 | ▼ 100 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 1,850 | ▼ 50 |
| AMATA | 00007 | 3,500 | ▲ 50 |
| MAEX | 00008 | 3,350 | ▲ 0 |

TIR